သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

FOREST

# (၂၁)ကြိမ်မြောက် အာဆီယံသစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှတ်တမ်း

Grand Amara Hotel၊ နေပြည်တော်

၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိ

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ကော်မတီများဖွဲ့စည်းခြင်း | ၂ - ၁၃ |
| ၃။ | ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု | ၁၃ - ၁၅ |
| ၄။ | အစည်းအဝေးများပြုလုပ်ကျင်းပခြင်း | ၁၅ |
| ၅။ | **(က)** (၂၁) ကြိမ်မြောက် အာဆီယံသတောထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး | ၁၆ - ၂၀ |
| | **(ခ)** (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သစ်တောကိစ္စရပ်များ ဆွေးနွေးပွဲ | ၂၀-၂၄ |
| | **(ဂ)** (၂၁) ကြိမ်မြောက် အာဆီယံ သစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး | ၂၅ -၂၇ |
| ၆။ | အစည်းအဝေးဖြစ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကြံပြုချက် | ၂၇ - ၂၈ |
| ၇။ | နိဂုံး | ၂၈ |

## (၂၁)ကြိမ်မြောက် အာဆီယံသစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှတ်တမ်း

## နိဒါန်း

၁။ အာဆီယံသစ်တောကဏ္ဍဆိုင်ရာအဆင့်မြင့်အရာရှိများ (ASEAN Senior Officials on Forestry–ASOF)သည် အာဆီယံသစ်တောနှင့်စိုက်ပျိုးရေးဝန်ကြီးများ (ASEAN Ministers on Agriculture and Forestry - AMAF) ၏ လမ်းညွှန်မှုနှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေး (Senior Officials Meeting) ၏ ပံ့ပိုးမှုတို့ဖြင့် သစ်တော၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍ အာဆီယံပူးပေါင်းဆောင်ရွက်မှုအောက်ရှိ အဖွဲ့အစည်းတစ်ခုအဖြစ် ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ASOF အစည်းအဝေးကို နှစ်စဉ်ကျင်းပ၍ အာဆီယံသစ်တော ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးမူဘောင်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် မဟာ ဗျူဟာ ချမှတ်ဆောင်ရွက်နေသည့် သစ်တောသယံဇာတများစီမံအုပ်ချုပ်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း သစ်တောရေးရာကိစ္စရပ်များ ညှိနှိုင်းဖြေရှင်းခြင်း၊ သစ်တောထွက်ပစ္စည်း ကုန်သွယ်မှု၊ ထုတ်လုပ်မှုနှင့် အသုံးချမှုမြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များကို အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးကြပါသည်။ အစည်းအဝေးကို အာဆီယံ အဖွဲ့ဝင်နိုင်ငံ များ၏ အမည်အင်္ဂလိပ်အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက် ရှိပါသည်။ ထိုသို့ကျင်းပရာတွင် အိမ်ရှင်နိုင်ငံမှ အစည်းအဝေးကုန်ကျစရိတ်များကို ကျခံရပြီး အဖွဲ့ဝင် နိုင်ငံအသီးသီးမှ နိုင်ငံတော်စရိတ်ဖြင့် အစည်းအဝေးတက်ရောက်ရသောကြောင့် အချိန်နှင့် အစည်းအဝေးကုန်ကျစရိတ်များ လျော့ကျသက်သာစေရေးအတွက် သစ်တောကဏ္ဍတွင် ပါဝင် သည့် အာဆီယံသစ်တောထွက်ပစ္စည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (ASEAN Working Group on Forest Products Development – AWG-FPD) အစည်းအဝေးနှင့် သစ်တောကဏ္ဍဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (International Seminar on Current Forestry Issues)တို့ကို အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် တဆက်တစပ်တည်း ကျင်းပ လေ့ရှိပါသည်။ (၂၁)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ဖော်ပြပါ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ နေပြည်တော်၊ Grand Amara ဟိုတယ်တွင် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးများကို ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌တစ်ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် နေပြည်တော်၌ တစ်ကြိမ် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး၊ ယခု တတိယအကြိမ် မြောက် လက်ခံကျင်းပခြင်းဖြစ်ပါသည်။

**ကော်မတီများဖွဲ့စည်းခြင်း**

၂။ (၂၁)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ကျင်းပရေးအတွက် ကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်-

**(၁) ဗဟိုကော်မတီ**

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | နာယက |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပါမောက္ခချုပ်<br>သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

**ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အာဆီယံသစ်တောကဏ္ဍဆိုင်ရာ အစည်းအဝေးကို နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးနိုင်ရန်၊

(ခ) အစည်းအဝေးကျင်းပရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ငွေကြေး ရန်ပုံငွေကို သတ်မှတ်ခွင့်ပြုရန်၊

(ဂ) အထက်အဖွဲ့အစည်းနှင့် အခြားဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ရေး ညှိနှိုင်းပေးရန်၊

(ဃ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို အခါအားလျော်စွာ အစိုးရအဖွဲ့သို့ တင်ပြ အစီရင်ခံရန်၊

(င) ကော်မတီသည် လိုအပ်သည့်အတိုင်း အစည်းအဝေးခေါ်ယူကျင်းပရန်

**(၂) အစည်းအဝေးဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ**

| | |
|---|---|
| (က) ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဦးလှိုင်မင်းမောင်<br>လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) ဦးအောင်ကျော်မိုး<br>ညွှန်ကြားရေးမှူး(စီမံ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) ဦးကျော်ထိုက်<br>ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |
| (င) ဦးဝင်းနိုင်သော်<br>ညွှန်ကြားရေးမှူး(ဝန်းကျင်သားငှက်)၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ဦးတင်ထွန်း<br>ညွှန်ကြားရေးမှူး(စီမံကိန်း)၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) ဦးကျော်ဇော<br>ညွှန်ကြားရေးမှူး(လုပ်ငန်း)၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) ဒေါ်နွဲ့နွဲ့အေး<br>ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) ဦးအောင်ခင်ဦး<br>ညွှန်ကြားရေးမှူး(တိုးချဲ့ပညာ)၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ည) ဦးမြင့်သိန်းထွန်း<br>ညွှန်ကြားရေးမှူး(လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

**အစည်းအဝေးဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးကျင်းပရေးအတွက် လိုအပ်သောလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်သည့် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းရန်၊

(ခ) ပရဆေးနှင့် သစ်တောထွက်ပစ္စည်းသုတေသန အစည်းအဝေးများအတွက် သီးခြား လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဂ) အစည်းအဝေးဖိတ်စာများ ရေးသားခြင်း၊ ဖိတ်ကြားခြင်းများ ဆောင်ရွက်ရန်၊

(ဃ) အစည်းအဝေး ကိုယ်စားလှယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေး နိုင်ရန်နှင့် ကိုယ်စားလှယ်များအတွက် စာရွက်စာတမ်းများထည့်ရန် အစည်းအဝေး အထိမ်းအမှတ် လက်ဆွဲအိတ်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ရန်၊

(င) ကော်မတီဝင်များနှင့် တွဲဖက်ဆောင်ရွက်နေသော ဝန်ထမ်းများ၏ စာရင်းကို လုံခြုံရေး ဆပ်ကော်မတီသို့ အကြောင်းကြားရန်၊

(စ) အစည်းအဝေး၌ မြန်မာနိုင်ငံမှတင်သွင်းမည့် စာတမ်းများကို ကြိုတင်၍ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်၊

(ဆ) အစည်းအဝေးကျင်းပမည့် ရက်စွဲ၊ နေရာတို့ကို အတည်ပြုချက်ရရှိပါက အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းကြားရန်၊

(ဇ) အစည်းအဝေး အောင်မြင်စွာ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများမှ စ၍ အစည်းအဝေးဆိုင်ရာ လုပ်ငန်းအားလုံးကို လုပ်ငန်းဆပ်ကော်မတီ အသီးသီးနှင့် စဉ်ဆက်မပြတ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(ဈ) ဆပ်ကော်မတီအသီးသီး၏ ရန်ပုံငွေလိုအပ်ချက်များ စုပေါင်း၍ ဗဟိုကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရန်၊

(ည) အစည်းအဝေးဖြစ်မြောက်ရေး လုပ်ငန်းကော်မတီမှ လိုအပ်သည့်ရန်ပုံငွေကို တွက်ချက်ပြီး ဘဏ္ဍာရေး ဆပ်ကော်မတီသို့ ပေးပို့ရန်။

**(၃) အစည်းအဝေးရုံးအဖွဲ့**

(က) ဦးကျော်ကျော်လွင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒ/စီမံကိန်း)
သစ်တောဦးစီးဌာန

(ခ) ဒေါက်တာခင်မောင်ဆင့် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဒေါ်မာလာအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(လူ့စွမ်းအား)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဃ) ဦးအောင်မျိုးမင်း အဖွဲ့ဝင်
မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

(င) ဦးဝင်းနိုင်သော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ဝန်းကျင်/သားငှက်)၊ သစ်တောဦးစီးဌာန

(စ) ဦးတင်ထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံကိန်း)၊ သစ်တောဦးစီးဌာန

(ဆ) ဒေါက်တာသောင်းနိုင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(သစ်တောသုတေသန)၊ သစ်တောဦးစီးဌာန

(ဇ) ဒေါ်နွဲ့နွဲ့အေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ သစ်တောဦးစီးဌာန

(ဈ) ဦးအောင်ခင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(တိုးချဲ့/ပညာ)၊ သစ်တောဦးစီးဌာန

(ည) ဦးသန့်ဇင်-၃ အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်း)၊ သစ်တောဦးစီးဌာန

**အစည်းအဝေးရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေး တက်ရောက်လာသော ကိုယ်စားလှယ်များအား မှတ်ပုံတင်ခြင်း၊ ဆွေးနွေးချက်မှတ်တမ်းများ ရယူခြင်း၊ မှတ်တမ်းများ ရိုက်နှိပ်ဖြန့်ဝေခြင်းစသည့် အစည်းအဝေးဆိုင်ရာ လုပ်ငန်းကိစ္စများအားလုံးကို မိမိတွဲဖက်ဝန်ထမ်းများအား သင့်လျော်သလို တာဝန်ချထား၍ ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ကိုယ်စားလှယ်အဖွဲ့မှ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ရန်၊

(ဂ) စာရေးကိရိယာနှင့် စာရွက်စာတမ်းများ၊ အစည်းအဝေးအတွက် အသုံးပြုမည့် စာရွက်စာတမ်း ပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ရန်၊

(ဃ) တက်ရောက်လာသော ကိုယ်စားလှယ်များအတွက် စာတိုက်ဆက်သွယ်ရေးနှင့် ဘဏ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) ရုံးအဖွဲ့၏ လုပ်ငန်းစီမံချက်ကို အမြန်ဆုံးရေးသားပြုစုပြီး လုပ်ငန်းကော်မတီသို့ တင်ပြရန်။

**(၄) ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ**

(က) ဦးမြင့်သိန်းထွန်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး(လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန

(ခ) ဦးအောင်ဝင်း — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

(ဂ) ဦးစိန်အောင်မင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဃ) ဦးစိုးဝင်း–၆ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ သစ်တောဦးစီးဌာန

(င) ဒေါ်ဆုစန္ဒာအောင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ဝန်းကျင်/သားငှက်)၊ သစ်တောဦးစီးဌာန

(စ) ဒေါ်အိစန္ဒီဆက် — အဖွဲ့ဝင်
ဦးစီးအရာရှိ (လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန

(ဆ) ဦးစိန်မိုး — အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး(တိုးချဲ့ပညာ)၊ သစ်တောဦးစီးဌာန

**ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးတက်ရောက်မည့်ကိုယ်စားလှယ်များ လေဆိပ်၌ကြိုဆိုခြင်း၊ ဟိုတယ်၌ နေရာချထားပေးခြင်း၊ ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာမည့် လေဆိပ်သို့ လိုက်လံပို့ဆောင်ခြင်းများကို ဆောင်ရွက်ပေးရန်၊

(ခ) နိုင်ငံအလိုက် မော်တော်ယာဉ်နှင့် ဆက်သွယ်ရေးအရာရှိတစ်ဦးစီ တွဲဖက်ပေးရန်၊ အစီအစဉ်များ ပြုလုပ်တာဝန်ပေးရန်၊

(ဂ) ဟိုတယ်တွင်လည်း ကြိုဆိုနေရာချထားရေး ကိစ္စရပ်များအတွက် ပေါင်းစပ်ညှိနှိုင်း ပေးနိုင်ရန်နေရာ (Desk)၊ ဌာနသတ်မှတ်၍ အချိန်ပြည့်တာဝန်ချထားပေးရန်၊

(ဃ) ကြိုဆိုရေးနှင့် နေရာချထားရေး ကိစ္စအဝဝအတွက် လိုအပ်သည့် ရန်ပုံငွေကို တွက်ချက်ပြီး ဘဏ္ဍာရေးနှင့် ဆပ်ကော်မတီသို့ တင်ပြတောင်းခံရန်၊

(င) ကြိုဆိုရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ၏ လုပ်ငန်းစီမံချက်ကို အမြန်ရေးသားပြုစုပြီး လုပ်ငန်းကော်မတီသို့ တင်ပြရန်။

## (၅) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ

(က) ဦးအောင်ခင်ဦး ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး (တိုးချဲ့ပညာ)၊ သစ်တောဦးစီးဌာန

(ခ) ဦးမောင်မောင်စိုး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဒေါ်အေမွန်ခိုင် အဖွဲ့ဝင်
သစ်အုပ်ကြီး၊ မြန်မာ့သစ်လုပ်ငန်း

(ဃ) ဦးတက်နေထွန်း အဖွဲ့ဝင်
ဦးစီးအရာရှိ(တိုးချဲ့ပညာ)၊ သစ်တောဦးစီးဌာန

(င) ဦးစိုးမင်းသူ အဖွဲ့ဝင်
တောအုပ်ကြီး(လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန

(စ) ဦးလှမြင့် အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး(တိုးချဲ့ပညာ)၊ သစ်တောဦးစီးဌာန

### ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

(က) မြန်မာနိုင်ငံတွင် တရားဝင်ခွင့်ပြုထားသော သတင်းဌာနနှင့် သတင်းစာဆရာများ စာရင်းကို ပြုစုထားရှိရန်၊

(ခ) သတင်းမှတ်တမ်း ရေးသားခြင်း၊ ရိုက်ကူးထုတ်ပြန်ခြင်းများ စီစဉ်ပေးရန်၊

(ဂ) အစည်းအဝေးဆိုင်ရာ သတင်းထုတ်ပြန်ရေး ကိစ္စအဝဝအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီသို့ တင်ပြခွင့်ပြုချက် ရယူပြီး ဆောင်ရွက်ရန်၊

(ဃ) ပြည်တွင်းပြည်ပ သတင်းထောက်များကို ကြီးကြပ်ကွပ်ကဲရန်၊

(င) အစည်းအဝေးကိုယ်စားလှယ်များအတွက် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်များ၊ စာအုပ်စာတမ်းများအား ပြုစုထုတ်ဝေခြင်း၊ စုစည်းဖြန့်ဖြူးခြင်း လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(စ) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကိစ္စအဝဝအတွက် လိုအပ်သည့် ရန်ပုံငွေကို ဘဏ္ဍာရေး ဆပ်ကော်မတီသို့ တင်ပြတောင်းခံရန်၊

(ဆ) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းစီမံချက်ကို အမြန်ရေးသား ပြုစုပြီး လုပ်ငန်းကော်မတီသို့တင်ပြရန်။

## (၆) ဘဏ္ဍာရေးဆပ်ကော်မတီ

(က) ဒေါ်နွဲ့နွဲ့အေး ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ သစ်တောဦးစီးဌာန

(ခ) ဦးစိုင်းရွက်ဆိုင် အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)၊ သစ်တောဦးစီးဌာန

(ဂ) ဦးလှဌွေးအောင် အဖွဲ့ဝင်
ဦးစီးအရာရှိ(ဘဏ္ဍာရေး)၊ သစ်တောဦးစီးဌာန

(ဃ) ဒေါ်ကြည်ကြည်မာ အဖွဲ့ဝင်
ဌာနခွဲစာရေး(လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန

(င) ဒေါ်ဖြူဖြူသန့် အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ သစ်တောဦးစီးဌာန

**ဘဏ္ဍာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးကျင်းပရန် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော ငွေကြေးရန်ပုံငွေ လျာထားချက် အသေးစိတ်ညှိနှိုင်းတွက်ချက်ပြီး အစည်းအဝေး ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြရန်နှင့် ရန်ပုံငွေရရှိရေးကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းဆပ်ကော်မတီများ၏ အသုံးစရိတ်များအတွက် ငွေကြေးရန်ပုံငွေများ ထုတ်ပေးခြင်း၊ စိစစ်ခြင်း၊ စာရင်းရှင်းခြင်းများကို တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(ဂ) ဆပ်ကော်မတီ အသီးသီး၏ ဘဏ္ဍာငွေလိုအပ်ချက်များ စုပေါင်း၍ လုပ်ငန်း ကော်မတီသို့ တင်ပြတောင်းခံရန်၊

(ဃ) ဘဏ္ဍာရေး ဆပ်ကော်မတီ၏ လုပ်ငန်းစီမံချက်ကို အမြန်ဆုံးရေးသား ပြုစုပြီး လုပ်ငန်းကော်မတီသို့ တင်ပြရန်၊

## (၇) လုံခြုံရေးဆပ်ကော်မတီအဖွဲ့ဝင်များ

(က) ဦးထွန်းအောင်ကျော် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး(စစ်ဆေးရေး)၊ သစ်တောဦးစီးဌာန

(ခ) ဦးနိုင်အောင်ဝင်း အဖွဲ့ဝင်
လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

(ဂ) ဦးကျော်နိုင်မိုး အဖွဲ့ဝင်
ဦးစီးအရာရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဃ) ဦးအောင်သူရ အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး(စီမံ)၊ သစ်တောဦးစီးဌာန

(င) ဦးခင်မောင်ထွေး အဖွဲ့ဝင်
ဦးစီးအရာရှိ(စစ်ဆေးရေး)၊ သစ်တောဦးစီးဌာန

(စ) ဦးမြင့်နိုင်ဦး အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး(စစ်ဆေးရေး)၊သစ်တောဦးစီးဌာန

**လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးသို့ ရောက်ရှိလာသည့် ကိုယ်စားလှယ်များ ခရီးစဉ်လုံခြုံရေး ကိစ္စများ စီစဉ်ဆောင်ရွက်ပေးရန်၊

(ခ) အစည်းအဝေးသို့ ရောက်ရှိလာသည့် ကိုယ်စားလှယ်များ စာရင်းနှင့် တည်းခိုသည့် အခန်းနံပါတ်၊ တွဲဖက်ပေးထားသည့် မော်တော်ယာဉ်နှင့် ဆက်သွယ်ရေး အရာရှိများ စာရင်းကို ပြုစု၍ လုံခြုံရေးအတွက် ဆက်သွယ်ဆောင်ရွက်ရန်၊

(ဂ) ကိုယ်စားလှယ်များ၏ ပစ္စည်းများကို လေဆိပ်တွင် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ရန်၊

(ဃ) လုံခြုံရေး ကိစ္စအဝဝအတွက် လိုအပ်သည့် ရန်ပုံငွေကို တွက်ချက်ပြီး ဘဏ္ဍာရေး ဆပ်ကော်မတီသို့ တင်ပြတောင်းခံရန်၊

(င) လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းစီမံချက်ကို အမြန်ရေးသား ပြုစုပြီး လုပ်ငန်း ကော်မတီသို့ တင်ပြရန်။

**(၈) ကျန်းမာရေးဆပ်ကော်မတီ**

(က) ဦးတင်မောင်ဌေး ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဒေါက်တာတင်အောင်ဝင်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဂ) ဦးငြိမ်းချမ်း-၂ အဖွဲ့ဝင်
ဦးစီးအရာရှိ(စစ်ဆေးရေး)၊ သစ်တောဦးစီးဌာန

(ဃ) ဦးမြင့်ဌေး အတွင်းရေးမှူး

မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

**ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ အားလုံး၏ ကျန်းမာရေးဆိုင်ရာ အရပ်ရပ်ကို အဆင်ပြေချောမွေ့စွာ စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးရန်၊

(ခ) ကျန်းမာရေး ဦးစီးဌာနနှင့် ဆက်သွယ်၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ကျန်းမာရေး လုပ်ငန်းများအတွက် ရန်ပုံငွေတွက်ချက်ပြီး ဘဏ္ဍာရေး ဆပ်ကော်မတီသို့ ပေးပို့တောင်းခံရန်၊

(ဃ) ဟိုတယ်တွင် အရေးပေါ် ဌာနဖွင့်လှစ်၍ အချိန်ပြည့်တာဝန်ချထားရန်၊

(င) ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းစီမံချက်ကို အမြန်ရေးသား ပြုစုပြီး လုပ်ငန်းကော်မတီသို့တင်ပြရန်။

**(၉) ကျွမ်းကျင်သူများ ဆပ်ကော်မတီ**

(က) ဒေါက်တာသောင်းနိုင်ဦး ဥက္ကဋ္ဌ

ညွှန်ကြားရေးမှူး (သစ်တောသုတေသန)၊ သစ်တောဦးစီးဌာန

(ခ) ဦးဇင်အေး အဖွဲ့ဝင်

လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

(ဂ) ဦးမင်းမြတ်အောင် အဖွဲ့ဝင်

လက်ထောက်ညွှန်ကြားရေးမှူး၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဃ) ဒေါက်တာမူမူအောင် အဖွဲ့ဝင်

သုတေသနအရာရှိ(သစ်တောသုတေသန)၊ သစ်တောဦးစီးဌာန

(င) ဒေါက်တာတိုးတိုးအောင် အဖွဲ့ဝင်

လက်ထောက်ညွှန်ကြားရေးမှူး(ရေဝေရေလဲ)

သစ်တောဦးစီးဌာန

(စ) ဒေါက်တာဘိုဆန်း အဖွဲ့ဝင်

ဦးစီးအရာရှိ(စီမံကိန်း)၊ သစ်တောဦးစီးဌာန

(ဆ) ဦးဖြိုးဇင်မွန်နိုင် အဖွဲ့ဝင်

လက်ထောက်ညွှန်ကြားရေးမှူး(လုပ်ငန်း)၊ သစ်တောဦးစီးဌာန

(ဇ) ဦးအောင်ဆန်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး(ဝန်းကျင်/သားငှက်)
သစ်တောဦးစီးဌာန

(ဈ) ဦးသန့်ဇင်-၃ အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်း)၊ သစ်တောဦးစီးဌာန

**ကျွမ်းကျင်သူများ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

(က) အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ တင်ပြမည့် စာတမ်းများ ပြုစုရန်၊

(ခ) ဆက်စပ် အဖွဲ့အစည်းများနှင့် တင်ပြ ဆွေးနွေးမည့် အကြောင်းအရာများအား ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဂ) အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ် လုပ်ကိုင်လျက်ရှိသည့် စီမံကိန်းများ၏ သတင်းအချက်အလက်များ၊ ကိန်းဂဏန်း အချက်အလက်များကို ကြိုတင်စုဆောင်း ပြုစုထားရန်။

**(၁၀) ဆက်သွယ်ရေးအရာရှိများ**

(က) ဒေါ်အိစန္ဒီဆက်
ဦးစီးအရာရှိ(လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန

(ခ) ဒေါ်ခင်ငြိမ်းစံ
ဦးစီးအရာရှိ(ဝန်းကျင်/သားငှက်)၊ သစ်တောဦးစီးဌာန

(ဂ) ဦးဇော်မျိုးအောင်
တောအုပ်ကြီး(ရေဝေရေလဲ)၊ သစ်တောဦးစီးဌာန

(ဃ) ဒေါ်အိစန္ဒာမြင့်
တောအုပ်ကြီး(သဘာဝတော/စိုက်ခင်း)၊ သစ်တောဦးစီးဌာန

(င) ဒေါ်ထိုက်စံစိုး
တောအုပ်ကြီး(သစ်တောသုတေသနဌာန)၊ သစ်တောဦးစီးဌာန

(စ) ဒေါ်နီဇင်ဖူး
တောအုပ်ကြီး(သစ်တောသုတေသနဌာန)၊ သစ်တောဦးစီးဌာန

(ဆ) ဦးပြည့်ဖြိုးစည်
တောအုပ်ကြီး(သဘာဝတော/စိုက်ခင်း)၊ သစ်တောဦးစီးဌာန

(ဇ) ဦးကျော်ကျော်ထူး
တောအုပ်ကြီး(စီမံကိန်း)၊ သစ်တောဦးစီးဌာန

(ဈ) ဒေါ်စန်းစန်းဌေး
တောအုပ်ကြီး (စီမံကိန်း)၊ သစ်တောဦးစီးဌာန
(ည) ဦးငြိမ်းအောင်
တောအုပ်ကြီး (ဝန်းကျင်/သားငှက်)၊ သစ်တောဦးစီးဌာန
(ဋ) ဒေါ်လင်းသက်သက်ဆွေ
ဒုတိယဦးစီးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(ဌ) ဦးကျော်စိုးဝင်း
ဒုတိယဦးစီးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန

**(၁၁) အစည်းအဝေးရုံးအဖွဲ့၏ အတွင်းရေးမှူးရုံး**

(က) ဦးသန့်ဇင်-၃ — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း)၊ သစ်တောဦးစီးဌာန
(ခ) ဦးလှမြင့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (တိုးချဲ့/ပညာ)၊
သစ်တောဦးစီးဌာန
(ဂ) ဦးလှမျိုးအောင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (သစ်တောသုတေသန)၊
သစ်တောဦးစီးဌာန
(ဃ) ဦးထွန်းထွန်းဝေ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်း)၊
သစ်တောဦးစီးဌာန
(င) ဦးဇော်မင်းသန့် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ဝန်းကျင်/သားငှက်)
သစ်တောဦးစီးဌာန
(စ) ဒေါက်တာဇာခြည်လှိုင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (သစ်တောသုတေသန)၊ သစ်တောဦးစီးဌာန
(ဆ) ဒေါက်တာဘိုဆန်း — အဖွဲ့ဝင်
ဦးစီးအရာရှိ (စီမံကိန်း)၊ သစ်တောဦးစီးဌာန
(ဇ) ဦးခိုင်ဇော်ဝင်း — အဖွဲ့ဝင်
ဦးစီးအရာရှိ (စီမံကိန်း)၊ သစ်တောဦးစီးဌာန

(ဆ) ဒေါ်ခင်ရည်မွန်လှိုင် အဖွဲ့ဝင်
ဦးစီးအရာရှိ(သဘာဝတော/စိုက်ခင်း)၊ သစ်တောဦးစီးဌာန

(ဆ) ဒေါက်တာအိ အဖွဲ့ဝင်
ဦးစီးအရာရှိ(လေ့ကျင့်/သုတေ)၊ သစ်တောဦးစီးဌာန

(ဆ) ဦးစည်သူအောင် အဖွဲ့ဝင်
ဦးစီးအရာရှိ(ရေဝေရေလဲ)၊ သစ်တောဦးစီးဌာန

**ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှု**

၃။ အစည်းအဝေးများလက်ခံကျင်းပရေးအတွက် နေ့ရက်၊ နေရာ နှင့် ခန့်မှန်းကုန်ကျစရိတ်များ ညှိနှိုင်းဆွေးနွေးခြင်းကို နှစ်ဝက်ခန့် ကြိုတင်ဆွေးနွေးဆုံးဖြတ်ရသည်ဖြစ်၍ ကော်မတီများ ဖွဲ့စည်းခြင်းမဆောင်ရွက်မီ မြန်မာနိုင်ငံ၏ ASOF Leader မှ ဦးဆောင်ညှိနှိုင်းတင်ပြ၍ ဌာနအကြီးအကဲများထံ လမ်းညွှန်မှုခံယူဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အစည်းအဝေး မကျင်းပမီ ကြိုတင်ပြင်ဆင်မှုများကို အချိန်၂လခန့် ကြိုတင်၍လည်းကောင်း၊ အစည်းအဝေး ကျင်းပခြင်းနှင့် ပြီးဆုံးချိန်တွင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဖြစ်စေရန်လည်းကောင်း အောက်ပါအတိုင်းစီစဉ်ဆောင်ရွက်ခဲ့ပါသည်။

**(က) အစည်းအဝေးဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ**

- ❖ အစည်းအဝေးများကျင်းပခွင့် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခြင်း
- ❖ အစည်းအဝေးခန်းမ၊ အစားအသောက်အစီအစဉ်၊ ခန်းမအပြင်အဆင်၊ ဈေးနှုန်း စသည်တို့ကို ဟိုတယ်သို့စုံစမ်းညှိနှိုင်းခြင်း၊ ကြိုတင်စာရင်းပေးသွင်းခြင်း
- ❖ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ၍ ကော်မတီများဖွဲ့စည်းခြင်း၊ တာဝန်ခွဲဝေခြင်း
- ❖ အစည်းအဝေးကျင်းပခြင်းအတွက် ဆက်စပ်ဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက် ရသည့်ကိစ္စများကို ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြ၍ ချိတ်ဆက်ဆောင်ရွက်ခြင်း

**(ခ) အစည်းအဝေးရုံးအဖွဲ့၏ အတွင်းရေးမှူးရုံး**

- ❖ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ချိတ်ဆက်၍ အဖွဲ့ဝင်နိုင်ငံများသို့ ဖိတ်ကြားစာနှင့် အမည်စာရင်းသွင်းရန်ပုံစံများ ပေးပို့ခြင်း၊
- ❖ အမည်စာရင်းပေးပို့လာသည့် ကိုယ်စားလှယ်များကို စာရင်းပြုစုခြင်း
- ❖ နိုင်ငံခြားသားများ လာရောက်ခြင်းအတွက် အမည်မည်းစာရင်းကင်းရှင်းကြောင်းနှင့် ခရီးစဉ်လုံခြုံရေးကိစ္စများ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခြင်း
- ❖ အစည်းအဝေးစာရွက်စာတမ်းများ ပြုစုခြင်းနှင့် တင်ပြချက်များစုစည်းခြင်း

- ❖ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှဆက်သွယ်လာသည့်ကိစ္စရပ်များကိုASOF Leaderနှင့် အာဆီယံလုပ်ငန်း အဖွဲ့များကြား ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း
- ❖ အစည်းအဝေးမှတ်တမ်းထုတ်ပြန်ခြင်း

**(ဂ) ဘဏ္ဍာရေးဆပ်ကော်မတီ**

- ❖ ရန်ပုံငွေလိုအပ်ချက်ခွဲဝေချထားနိုင်ရေးညှိနှိုင်းခြင်း
- ❖ နိုင်ငံတော်စရိတ်ဖြင့်ကျခံသုံးစွဲရမည့် ငွေစာရင်းခေါင်းစဉ်များ စိစစ်ခြင်းနှင့် ရန်ပုံငွေ ခွင့်ပြုချက်ရရှိရေး ညှိနှိုင်းဆောင်ရွက်ခြင်း
- ❖ ငွေစာရင်းရှင်းတမ်းများကိုစိစစ်ခြင်း

**(ဃ) ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ**

- ❖ အစည်းအဝေးသို့ ဆက်စပ်ဌာနများဖိတ်ကြားနိုင်ရေး ပြည်ထောင်စုဝန်ကြီးရုံးမှတဆင့် အခြားဝန်ကြီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်ခြင်း
- ❖ အခမ်းအနားပြင်ဆင်ရာတွင် ပြည်တွင်း/ပြည်ပမှဖိတ်ကြားထားသောဧည့်သည်များနှင့် အာဆီယံနိုင်ငံစဉ်အလိုက် နေရာချထားခြင်း
- ❖ ပြည်ပဧည့်သည်များအား လေဆိပ်နှင့်ဟိုတယ်သို့ ပို့ဆောင်ဆက်သွယ်နိုင်ရေး ဆက်သွယ်ရေးအရာရှိများနှင့်ကြိုတင်ချိတ်ဆက်ခြင်း၊ မော်တော်ယာဉ်များ စီစဉ်ခြင်းနှင့် သွားရောက်ကြိုဆိုနေရာချထားခြင်း

**(င) ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဆပ်ကော်မတီ**

- ❖ အစည်းအဝေးကျင်းပမည့် အစီအစဉ်ကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိက မီဒီယာများသို့ ဆက်သွယ် သတင်းပေးခြင်း
- ❖ ဝန်ကြီးဌာနပြကွက်တွင် ခင်းကျင်းပြသရန် စာအုပ်စာတမ်းများနှင့် ဓါတ်ပုံပိုစတာများ ပြင်ဆင်ခြင်း
- ❖ တိုင်းရင်းဆေးဝါးလုပ်ငန်းပြကွက်များခင်းကျင်းပြသရန် ဆက်သွယ်ဆောင်ရွက်ခြင်း
- ❖ အစည်းအဝေးကျင်းပခြင်းသတင်းမှတ်တမ်းများထုတ်ပြန်ခြင်း

**(စ) လုံခြုံရေးဆပ်ကော်မတီ**

- ❖ အစည်းအဝေးခန်းမများ လုံခြုံရေးနှင့် အစည်းအဝေးတက်ရောက်သူများ၏ လေ့လာရေး ခရီးစဉ်များ လုံခြုံရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လုံခြုံရေးအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း
- ❖ ကွင်းဆင်းလေ့လာရေးခရီးစဉ်တွင် လုံခြုံရေးယာဉ်တန်းဖြင့် လိုက်ပါကြီးကြပ်ခြင်း

**(ဆ) ကျန်းမာရေးဆပ်ကော်မတီ**

- ❖ အစည်းအဝေးကျင်းပနေချိန်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် ဟိုတယ်၊ အစည်းအဝေးခန်းမတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း

**(ဇ) ကျွမ်းကျင်သူများဆပ်ကော်မတီ**

- ❖ အစည်းအဝေးသို့ ကဏ္ဍအလိုက်ကိုယ်စားလှယ်များတက်ရောက်ဆွေးနွေးခြင်း
- ❖ မြန်မာနိုင်ငံသစ်တောကဏ္ဍမှ ဆောင်ရွက်မှုများကို ကဏ္ဍအလိုက်တင်ပြခြင်း

**အစည်းအဝေးများကျင်းပပြုလုပ်ခြင်း**

၄။ အာဆီယံသစ်တောကဏ္ဍဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အောက်ဖော်ပြပါဆက်စပ်အစည်း အဝေးများကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့ အထိ နေပြည်တော်ရှိ Grand Amara ဟိုတယ်တွင် ကျင်းပပြုလုပ် ခဲ့ပါသည်။

(က) (၂၁) ကြိမ်မြောက် အာဆီယံသစ်တောထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (The 21st Meeting of the ASEAN Working Group on Forest Products Development) (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့ အထိ)

(ခ) (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သစ်တောကိစ္စရပ်များ ဆွေးနွေးပွဲ (The 19th Seminar on Current International Issues Affecting Forestry and Forest Products: Land Use, Land Use Change and Forestry in the Nationally Determined Contributions (NDCs) Implementation (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့)

(ဂ) (၂၁) ကြိမ်မြောက် အာဆီယံ သစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး ( The 21st Meeting of the ASEAN Senior Officials on Forestry) (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့ အထိ)

(ဃ) အာဆီယံသစ်တော ကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၏လေ့လာရေးခရီးစဉ် (သစ်တောသုတေသနစခန်း အမှတ်(၅) မိုးစွေ) (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့)

**□။ (က) (၂၁) ကြိမ်မြောက် အာဆီယံသတောထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (The 21st Meeting of the ASEAN Working Group on Forest Products Development) (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ)**

(၁) ၂၁ကြိမ်မြောက် အာဆီယံသစ်တောထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံ၊ နေပြည်တော် Grand Amara ဟိုတယ်တွင် ဇူလိုင်လ ၉ရက်နေ့မှ ၁၀ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အာဆီယံနိုင်ငံများဖြစ်ကြသော ဘရူနိုင်းဒါရူစလမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုပီဒီအာ၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ဗီယက်နမ်နှင့် အာဆီယံ အတွင်းရေးမှူး ရုံးအဖွဲ့တို့ တက်ရောက်ကြပါသည်။

(၂) ဖွင့်ပွဲအခမ်းအနားကို (၉.၇.၂၀၁၈)ရက်နေ့၊ နံနက်(၈:၃၀)နာရီတွင် နေပြည်တော် Grand Amara ဟိုတယ်၊ အင်းဝခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သော **"သစ်တောသယံဇာတများကို လက်ရှိနှင့် အနာဂတ်သားစဉ်မြေးဆက်နှစ်ခုလုံး၏ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင် ရာ ရည်မှန်းချက်များကို အထောက်အကူပြုစေမည့် မြေယာရှုခင်းအသွင် ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်မှု"** ကို အဓိကထားဖော်ပြထားပါသည်။ အာဆီယံသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ မြောက် လုပ်ငန်းများအစီအစဉ် (၂၀၁၆- ၂၀၂၅) အရ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှု၊ သစ်တောက်ခံချက်ပြုခြင်း၊ သစ်တရားဝင်မှု၊ သစ်တောထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပရဆေးပင်နှင့် ဆေးဖက်ဝင်အပင်စသည့် ကဏ္ဍများဆိုင်ရာ လုပ်ငန်းအစီအစဉ်များအား အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားရန်နှင့် အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်ဆွေးနွေးကြရန် ပြောကြားပါသည်။

(□) ဆက်လက်၍ အစီအစဉ်အရ ယခင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူ မလေးရှားနိုင်ငံမှ Mr. Mohd. Kheiruddin Mohd Rani အဖွင့်နှုတ်ဆက်စကား ပြောကြားပြီး ယခုနှစ်တွင် မြန်မာနိုင်ငံ၊ မြန်မာ့ သစ်လုပ်ငန်း၊ သစ်အခြေခံဌာနမှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဖိလစ်ပိုင် နိုင်ငံ သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သစ်တောထွက်ပစ္စည်းများ သုတေသနနှင့် ဖွံ့ဖြိုး တိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူး Dr. Romulo Aggangan ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။

(□) ဆက်လက်၍ အစီအစဉ်အရ ယခုဥက္ကဋ္ဌမှ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြား၍ အစည်းအဝေး ကျင်းပမည့်အစီအစဉ်ကို အများသဘောတူအတည်ပြုပြီး အစည်းအဝေးကို plenary ပုံစံဖြင့် ကျင်းပကြပါသည်။

(□) အစည်းအဝေးကို အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးမှ ကြိုတင်ပေးပို့ခဲ့သော အစီအစဉ် အတိုင်း ဇူလိုင်လ ၉ ရက်မှ ၁၀ ရက်နေ့အထိ (၂)ရက်တာကျင်းပခဲ့ပါသည်။

(□) **အဓိကဆွေးနွေးသောအကြောင်းအရာများ။** (၂၁)ကြိမ်မြောက် အာဆီယံ သစ်တောထွက် ပစ္စည်းဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် အဓိကဆွေးနွေးသော အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)အာဆီယံအသိုက်အဝန်း၏ လမ်းပြမြေပုံနှင့်ပတ်သက်၍ အာဆီယံထိပ်သီး အစည်း အဝေးများ၌ အာဆီယံခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များနှင့် လတ်တလော တိုးတက်မှုများကို ဖော်ပြသည့် သတင်းအချက်အလက်များကို အသိအမှတ် မှတ်သား ထားပါကြောင်း၊

(ခ)၂၀ ကြိမ်မြောက် အာဆီယံသစ်တောအရာရှိများအစည်းအဝေး၏ ဖော်ထုတ်ချက်များ နှင့် ၄၀ကြိမ်မြောက် AMAF အစည်းအဝေး၏ အဓိကဆောင်ရွက်ရန်ဖြစ်သော အာဆီယံဒေသ အတွင်း သစ်တောဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်မှုအကဲဖြတ်ခြင်းလက်စွဲ (Manual forAssessing Forest Law Enforcement and Governance - FLEG implementation in ASEAN) နှင့် အာဆီယံ သီးနှံသစ်တောရောနှောဆိုင်ရာ ညွှန်ကြားချက် (ASEAN Guidelines on Agro-forestry)၊ အာဆီယံ-ဥရောပ ဆောင်ရွက်မည့် အစီအစဉ်(၂၀၁၈ -၂၀၂၂)ပါ ရေရှည်တည်တံ့သော သစ်တောစီမံ အုပ်ချုပ်ခြင်း(Sustainable Forest Management - SFM) သစ်တောဥပဒေစိုးမိုးမှုနှင့် အုပ်ချုပ်မှု(FLEG)ကြား ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ရန်၊ CITES အပါအဝင်သက်ဆိုင်သော နိုင်ငံတကာ သဘော တူညီမှုများနှင့်အတူ တရားမဝင်သစ်နှင့် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက် ကားမှုများကို နှိမ်နင်းမှုများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် စသည်တို့ကို အသိပေးဆွေးနွေးပါသည်။

(ဂ)သစ်ထောက်ခံချက်ပြုရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တရားဝင်သစ် စံနှင့် အညွှန်းများ၊ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ထောက်ခံချက်ပြုခြင်း၊ သစ်ထောက်ခံချက်ပြုခြင်းနှင့် တရားဝင်ကြောင်းထောက်ခံချက်ပြုမှုစနစ်များနှင့် အာဆီယံသစ်လွှဲပြောင်းပို့ဆောင်မှု ကွင်းဆက် (ASEAN Chain of Custody -

COC) ဆိုင်ရာလမ်းညွှန်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ နိုင်ငံအလိုက် တိုးတက်မှုများကို တင်ပြဆွေးနွေးကြပါသည်။

(ဃ)ပရဆေးပင်နှင့်တိုင်းရင်းဆေးပင်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ နိုင်ငံအလိုက်တိုးတက်မှုများကို တင်ပြကြပြီး အာဆီယံ ပရဆေးပင်နှင့် တိုင်းရင်းဆေးပင်များဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ခြင်းနှင့်ပတ်သက်၍ အာဆီယံပရဆေးပင်နှင့် တိုင်းရင်းဆေးပင်များ အတွဲ(၂)အား ထုတ်ပြန်ခဲ့ပြီး (၂၁)ကြိမ်မြောက် အာဆီယံ သစ်တောအရာရှိများအစည်းအဝေးတွင် ဝေငှပြီးဖြစ်ကြောင်း၊ အတွဲ(၃) ပြင်ဆင်စုစည်းရန်အတွက် မလေးရှားနိုင်ငံမှ အဆိုပြုထားသောပုံစံကို သဘောတူပြီး သတင်းအချက်အလက်များ စုစည်းနိုင်ရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ (၂၀၁၉)ဧပြီလမတိုင်မီ မလေးရှားနိုင်ငံသို့ တင်ပြသွားရန်ဆုံးဖြတ်ပါသည်။

(င)အာဆီယံသုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်၊ လမ်းညွှန်နှင့် ပတ်သက်၍ လက်ရှိ မလေးရှား၊ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံများမှ နောက်ဆုံး သတင်းအချက်အလက် များရရှိထားပါကြောင်း၊ အခြားနိုင်ငံများအနေဖြင့်လည်းတက်ကြွစွာ ပါဝင်ကြရန်နှင့် မိမိတို့နိုင်ငံ၏ သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်၊ လမ်းညွှန်နှင့် ပတ်သက်သောအချက်အလက်များကို Ms. Ratih Damayanti (ratih_turmuzi@yahoo.com) သို့တင်ပြကြရန် ARKN-FPD website (http://arkn-fpd.org) အတွက် နိုင်ငံအဆင့် စီမံခန့်ခွဲရေးမှူးအပြောင်းအလဲရှိပါက အင်ဒိုနီးရှားအား နိုင်ငံအဆင့် စီမံခန့်ခွဲရေးမှူး အဖြစ် ဆောင်ရွက်နိုင်ရေး အကြောင်းကြားမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်။

(စ)သစ်တောထွက်ပစ္စည်းများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ၂၀ကြိမ်မြောက် အာဆီယံသစ်တောထွက်ပစ္စည်း သစ်တောထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအဖွဲ့ (AWG-FPD) အစည်းအဝေးတွင် မလေးရှားနိုင်ငံမှ အဆိုပြုတင်ပြခဲ့သည့် “Equivalent Timber Names in ASEAN” စီမံကိန်းနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ ဝင်နိုင်ငံများအကြား တူညီသောသစ်အမည်များ သတ်မှတ်စာရင်းပြုစုစည်းမည့်အစီအစဉ်ဖြစ်ပြီး Japan ASEAN Integrated Fund (JAIF) ၏ အကူအညီဖြင့် ဆောင်ရွက်မည် ဖြစ်ကြောင်း သဘောတူခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကို (၂၄.၇.၂၀၁၈)ရက်နေ့တွင် ကျင်းပရန် ရည်ရွယ်ခဲ့ပြီး အချိန်နောက်ရွှေ့သွားရသဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည့်နေ့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အကြောင်းကြားရန် ဆုံးဖြတ်ခဲ့ပါသည်။

(ဆ)သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လာအိုနိုင်ငံမှ တင်ပြခဲ့သော "အာဆီယံဒေသအတွင်း လက်ရွေးစင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ ကုန်သွယ်မှုလေ့လာ ဆန်းစစ်ခြင်း" အဆိုပြုလွှာတင်ပြမှုအပေါ် အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်း ဆုံးဖြတ်ပါသည်။ (၂၀)ကြိမ်မြောက် အာဆီယံ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၏ အကြံပြုချက်ဖြစ်သော မဲခေါင်ဒေသပိုင်းကိုသာ ဦးတည်လုပ်ဆောင်ခြင်းအစား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်သော ပြင်ဆင်ထားသော အဆိုပြုလွှာကို မှတ်တမ်းတင် ထားပါကြောင်းနှင့် (၂၁)ကြိမ်မြောက် အာဆီယံသစ်တောအရာရှိများ အစည်းအဝေးတွင် ထည့်သွင်း စဉ်းစားနိုင်ရေးတင်ပြသွားရန် ထောက်ခံခဲ့ပါသည်။ လေ့လာမှုအတွက် ဦးစားပေး သစ်မဟုတ်သောသစ်တောထွက် ပစ္စည်း သတ်မှတ်ရန်လိုအပ်မှုအပေါ် အာဆီယံနိုင်ငံအများစုတွင် ဝါး၊ ကြိမ်၊ သစ်မွှေး (စိုက်ခင်း)၊ သစ်စေးစသည်တို့သည် အသုံးများသော ပစ္စည်းများဖြစ်သဖြင့် အသုံးများသော ပစ္စည်းများအပေါ် ဦးတည်ဆောင်ရွက် ရန် အကြံပြုချက်အား စီမံကိန်း အကောင်အထည်ဖော်ရာတွင် မှတ်သားဆောင်ရွက်ရန် ဆုံးဖြတ်ပါသည်။

(ဇ)သစ်တောထွက်ပစ္စည်းများဖွံ့ဖြိုးတိုးတက်ရေးဒေသအဆင့် သတင်းအချက်အလက်ချိတ်ဆက်မှုကွန်ယက် နောက်ဆုံးအခြေအနေအပေါ် ဦးဆောင် ဆောင်ရွက်သော အင်ဒိုနီးရှားနိုင်ငံမှ တင်ပြဆွေးနွေးပါသည်။

(ဈ)ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ခြင်းများ အားကောင်းစေရန် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဦးဆောင်ဆောင်ရွက်သော မလေးရှားနိုင်ငံက တင်ပြဆွေးနွေးပါသည်။

(ည)တင်သွင်းနိုင်ငံများ၏ အကောက်ခွန်မဟုတ်သောကုန်သွယ်မှု အတားအဆီးများဆိုင်ရာ သတင်းအချက်များ မျှဝေခြင်းနှင့်ပတ်သက်၍ အမေရိကန်၊ ဥရောပနှင့် ဂျပန်စျေးကွက် များသို့တင်ပို့ခြင်းအပေါ် ယေဘူယျအတားအဆီးများနှင့်ပတ်သက်၍ ဦးဆောင်ဆောင် ရွက် သော မလေးရှားနိုင်ငံက တင်ပြဆွေးနွေးပါသည်။

(ဋ)ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန် တပြေးညီနည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် သတင်းအချက်အလက်ဖလှယ်မှုနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံက ဦးဆောင် ဆွေးနွေးပါသည်။ FLEGT-VPA စေ့စပ်ညှိနှိုင်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံများမှ တိုးတက်မှုအခြေအနေကို တင်ပြဆွေးနွေးပါသည်။

(ဌ)လက်ရှိနိုင်ငံတကာအသိအမှတ်ပြု စံသတ်မှတ်ချက်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် နိုင်ငံအဆင့် စံနှင့်စမ်းသပ်လုပ်ငန်းအစီအစဉ်များ ပံ့ပိုးမှုနှင့် ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံမှ ISO စံသတ်မှတ်ချက်များ ပြုပြင်ဖန်တီးခြင်းနှင့်

မွေးစားခြင်းဖြင့် နိုင်ငံတကာစံသတ်မှတ်ချက်များ ဖော်ထုတ်ခြင်းတိုးတက်မှုကို ရှင်းလင်း ဆွေးနွေးပါသည်။

(ဍ)သစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်အားကောင်းစေခြင်းအပေါ် ဖိလစ်ပိုင်နိုင်ငံမှ ဆွေးနွေးတင်ပြပါသည်။

(ဏ)အာဆီယံဒေသအတွင်းသစ်တောထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်(Plan of Action)နှင့်ပတ်သက်၍ ဆွေးနွေးပါသည်။

(တ)အာဆီယံဒေသသစ်တောထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့(AWG-FPD) နှင့် အာဆီယံ စံနှင့်အရည်အသွေးသတ်မှတ်ခြင်းဆိုင်ရာတိုင်ပင်ညှိနှိုင်းရေးကော်မတီ တို့အကြား ပူးပေါင်းတိုင်ပင်ဆွေးနွေးမှုများနှင့်ပတ်သက်၍ ဆွေးနွေးပါသည်။

(ထ) EU FLEGT-Facility မှ အစည်းအဝေးသို့ မတက်ရောက်နိုင်ခဲ့သော်လည်း အစည်းအဝေးတွင် အာဆီယံဒေသအတွင်း သစ်တောနှင့်သစ်ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် ဒေသတွင်းလိုက်နာရမည့် လုပ်ထုံးလုပ်နည်း စည်းကမ်း ထုတ်ပြန်ခြင်းအား ၂၀၁၉ ခုနှစ် အာဆီယံသစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရန် အာဆီယံ သစ်တောအရာရှိများသို့ အကြံပြုတင်ပြရန် သဘောတူညီခဲ့ပါသည်။

(□) နိဂုံးချုပ်အနေဖြင့် (၂၂)ကြိမ်မြောက် အာဆီယံသစ်တောထွက်ပစ္စည်းများဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအဖွဲ့အစည်းအဝေးကို (၂၂)ကြိမ်မြောက် အာဆီယံသစ်တောအရာရှိများအစည်းအဝေးနှင့် ကပ်လျက် ၂၀၁၉ခုနှစ် တွင် ဖိလစ်ပိုင်နိုင်ငံ၊မနီလာမြို့၌ ကျင်းပရန် ယာယီအားဖြင့် ဆုံးဖြတ်ထားရှိ၍ ကျင်းပမည့်နေ့အတိအကျနှင့် နေရာအား အာဆီယံအတွင်းရေးမှူးရုံးအဖွဲ့နှင့် အာဆီယံ အဖွဲ့ဝင် နိုင်ငံများအား ဖိလစ်ပိုင်နိုင်ငံမှ ကြိုတင်အသိပေး အကြောင်းကြားမည်ဖြစ်ပါကြောင်း ဆုံးဖြတ်၍ အစည်းအဝေးမှတ်တမ်းအား အတည်ပြုပြီးနောက် (၁၀.၇.၂၀၁၈)ရက်နေ့ ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ ပါသည်။

**□။ (ခ) (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သစ်တောကိစ္စရပ်များ ဆွေးနွေးပွဲ (The 19th Seminar on Current International Issues Affecting Forestry and Forest Products: Land Use, Land Use Change and Forestry in the Nationally Determined Contributions (NDCs) Implementation) (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့)**

(၁) မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းများနှင့် သစ်တောကဏ္ဍဆိုင်ရာ အာဆီယံအဆင့်မြင့်သစ်တော အရာရှိ ကြီးများ၏ ၁၉ကြိမ်မြောက်နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၊နေပြည်တော်ရှိ Grand Amara Hotel၌ ၂၀၁၈ခုနှစ် ဇူလိုင်လ (၁၁)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ နှီးနှော ဖလှယ်ပွဲသို့ အာဆီယံအဆင့်မြင့် သစ်တောအရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှား နိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် FAO၊ CIFOR၊ ICRAF၊ The Center for People and Forests - RECOFTC၊ AWG-SF တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

(၂) ဖွင့်ပွဲအခမ်းအနားကို (၁၁-၇-၂၀၁၈)ရက်နေ့ နံနက်(၀၈:၃၀)နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကားပြောကြားပါသည်။ ပြည်ထောင်စု ဝန်ကြီးက “ **ယနေ့ပြုလုပ်သည့်အာဆီယံအဆင့်မြင့် သစ်တောအရာရှိကြီးများ၏ ၁၉ကြိမ်မြောက်နှီးနှောဖလှယ်ပွဲနှင့် ၂၁ကြိမ်မြောက် အာဆီယံသစ်တောထွက်ပစ္စည်း ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းအဖွဲ့အစည်းအဝေး၊ ၂၁ကြိမ် မြောက် အာဆီယံသစ်တော အရာရှိကြီးများ အစည်းအဝေးတို့အား နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် သည် လူသားတို့ရင်ဆိုင်နေရသည့် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ အာဆီယံဒေသသည် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကြောင့် ထိခိုက်ခံစားရနိုင်သည့်ဒေသများ အနက်တစ်ခုအပါအဝင် ဖြစ်ပြီး လက်ရှိခံစားနေရသည့် သဘာဝဘေးအန္တရာယ်များက အထင်အရှားပြသလျက်ရှိပါကြောင်း၊ မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု များသည် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေးလုပ်ငန်းစဉ်အတွက် အလွန်အရေးကြီး ပါကြောင်း၊ နိုင်ငံအများစုတွင် မြေအသုံးချမှု၊မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍ ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအား သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအဆင့် ရာသီဥတု ပြောင်းလဲမှု လျှော့ချရေးဆိုင်ရာလုပ်ငန်း အစီအစဉ်များအဖြစ် အဓိကထားဆောင်ရွက်လျက် ရှိပါကြောင်း၊ အာဆီယံနိုင်ငံအချင်းချင်း သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅)Strategic Plan of Action on Forestry(2016-2025)တွင် သယံဇာတစီမံအုပ်ချုပ်မှု၊ စီးပွားရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု၊ အသေးစား အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှု၊ ထာဝစဉ်တည်တံ့စေမည့် သစ်တောအုပ်ချုပ် လုပ်ကိုင်မှု စသည်တို့အတွက် အစိမ်းရောင်နည်းပညာများနှင့်ပတ်သက်၍ မဟာဗျူဟာ(၇)ရပ်ကိုရှင်းလင်းစွာ ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံအဆင့်မြင့် သစ်တောအရာ ရှိကြီးများနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် SPA on Forestry(2016-2025)အား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ သစ်တောများမှ ဂေဟဝန်ဆောင်**

**မှုများစွာ ပေးစွမ်းနိုင်သည့်အတွက် သစ်တောများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများ၏ အဓိကသော့ချက်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း၊ သစ်တောများထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊သစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ တရားဥပဒေစိုးမိုးရေး၊စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေဖြစ်စေရေး နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး တို့အတွက် များစွာအထောက်အကူပြုသဖြင့် အလွန်အရေးကြီးပါကြောင်း၊ ယခုနှီးနှောဖလှယ် ပွဲမှ မြေအသုံးချမှု၊မြေအသုံးချမှုပြောင်းလဲခြင်းနှင့်သစ်တောကဏ္ဍများနှင့် ပတ်သက်၍ ပိုမို ကောင်းမွန်သည့် မူဝါဒများရေးဆွဲရာတွင်လိုအပ်သည့် အကြံဉာဏ်များ၊သတင်းအချက်အလက် များစသည့် ရလဒ်ကောင်းများထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း"** ပြောကြားပါသည်။

(၃) ဆက်လက်၍ အစီအစဉ်အရ ယခင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူ အင်ဒိုနီးရှားနိုင်ငံမှ Dr Agus Justianto ကအဖွင့်နှုတ်ဆက်စကားပြောကြားပါသည်။

(၄) နှီးနှောဖလှယ်ပွဲ အစီအစဉ်အရ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဖိလစ်ပိုင်နိုင်ငံ သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သစ်တောထွက်ပစ္စည်းများ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူး Dr. Romulo T Agganganက ဒုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ CIFORမှ Dr. Moira Moeliono၊FAOမှ Dr.Yurdi Yasmi၊ ICRAF မှ Dr. Delia Catacutan၊ RECOFTC မှ Dr. David Gritten၊ အင်ဒိုနီးရှားနိုင်ငံမှ Dr. Agus Justianto၊ မြန်မာနိုင်ငံမှ Dr. Yu Ya Aye၊ဖိလစ်ပိုင်နိုင်ငံမှMr. Alejandrinoနှင့် ဗီယက်နမ် နိုင်ငံမှ Prof. Dr. Phan Van Dienတို့က အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေး လုပ်ငန်းအစီအစဉ်များ တွင် မြေအသုံးချမှုစီမံအုပ်ချုပ်ခြင်း၊ အာရှတိုက်ရှိသစ်တောများ၏ပြောင်းလဲမှုအခြေအနေ နှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းတို့၏အခန်းကဏ္ဍများကို သက်ဆိုင်ရာနိုင်ငံ/ အဖွဲ့အစည်း အလိုက် ရှင်းလင်းတင်ပြကြပါသည်။

(၅) နှီးနှောဖလှယ်ပွဲတွင် ပါရီသဘောတူညီချက်နှင့်အညီ အာဆီယံနိုင်ငံများအတွင်း မြေအသုံး ချမှု စီမံခန့်ခွဲခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာများ၊ အမျိုးသားအဆင့် ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များအတွက် အဓိကစိန်ခေါ်မှုများ၊ မူဝါဒဆိုင်ရာအခက်အခဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာလုပ်ငန်း အစီအစဉ်များတွင် သစ်တောကဏ္ဍမှဖြည့်ဆည်းဆောင်ရွက်မှု စသည်တို့ဆွေးနွေးခဲ့ကြပါသည်။

(၆) ဆွေးနွေးချက်များအရအာဆီယံအဆင့်မြင့် သစ်တောအရာရှိကြီးများအနေဖြင့် အနာဂတ် လုပ်ငန်းများအတွက် စဉ်းစားဆောင်ရွက်နိုင်ရန် အောက်ပါအကြံပြုဆွေးနွေးချက်(၁၆)ချက် ရရှိခဲ့ပါသည်။

(က) အာဆီယံအနေဖြင့် မြေယာပြဿနာများနှင့်ပတ်သက်၍ အဖွဲ့အစည်းများ အလိုက် စီစဉ် ဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားရန်

